# ငါးမန်းဖားလောင်းတိ အကြောင်းသိကောင်းစရာ

## ငါးမန်းဖားလောင်း /Whale shark
Rhincodon typus



ငါးမန်းဖားလောင်း (Whale Shark) ဆိုစွာက ငါးမန်းတစ်မျိုးဖြစ်ပြီး ကေ ဝေလငါးလေ့ မဟုတ်ပါ။ ယင်းသူရို့ကို ငါးမန်းအဖြစ် သတ်မှတ် လို့ရစွာက ပါးဟပ်နဲ့ အသက်ရှူစွာ၊ အရိုးနုရှိစွာ နှင့်အရိုးတိမပါရှိစွာ ကြောင့် ဖြစ်ပါရေ။

မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ်






ငါးမန်းဖားလောင်းတိကို မြန်မာနိုင်ငံ ကမ်းရိုးတန်းတစ်လျှောက် တောင်ဘက် မြိတ်ကျွန်းစု ကနီ အနောက်ဘက် ရခိုင်ကမ်းရိုးတန်းအထိ တွ့ဟိ နိုင်ပါရေ။



### ယင်းသူရို့မှာ သွားအငယ်ချေတိ ပါရှိပါရေ။

သွားတစ်ချောင်းစီစွာ အရှည်အားဖြင့် ၆မီတာ အောက် ငယ်ပြီးကေ မေးရိုးတစ်ဖက်စီမှာ သွားပေါင်း ၃၀၀၀ လောက်စီ ရှိပါရေ။

ငါးမန်းဖားလောင်းတိ၏ မျက်လုံးထဲမှာ သွားတိပါရေ ဆိုစွာကို သိကတ်ပါလား။ ငါးမန်းဖားလောင်းတိမှာ သူရို့မျက်လုံးတိကို အကာအကွယ်ပီးဖို့ မျက်တောင်တိအစား မျက်လုံးအစိတ်အပိုင်း တိကို ဖုံးအုပ်ပီးရေ သွားအငယ်စိချေတိပါရှိပါရေ။



### ငါးမန်းဖားလောင်းတိရေ အရွယ်အစား ကြီးမားကတ်ပါရေ။

အကြီးဆုံး ငါးမန်းဖားလောင်းရေ မီတာ ၂၀ ထိရှည်ပါရေ။ မြန်မာနိုင်ငံမှာ တွီရရေ ငါးမန်းဖားလောင်း အများစုကတော့ကေ အကောင်ငယ်ပနာ အရှည်အားဖြင့် ၂မီတာ ကနီ ၆မီတာထိ ရှိကတ်ပါရေ။



### ငါးမန်းဖားလောင်းတိရေ အစာကို စစ်ယူစားသောက်ကတ်တေ သတ္တဝါတိဖြစ်ပါရေ။

ယင်းသူရို့ရေ အစာကို စစ်ယူစားသောက် တေ ငါးမန်းမျိုးစိတ် (၃) မျိုးထဲမှာ တစ်မျိုး အပါဝင်ဖြစ်ပါရေ။ ငါးမန်းဖားလောင်းတစ် ကောင်၏ အဓိက အစာမှာ အကောင် မျှောချေတိ၊ ရကြက်တိ၊ ငါးဥတိ နဲ့ ရီညှိတိ ပါဝင်ပါရေ။



### ငါးမန်းဖားလောင်းတိရေ ခရီးအဝီးကြီးလည်း လားနိုင်ကတ်ပါရေ။

အန်နီ (Anne) ဆိုရေ ငါးမန်းဖားလောင်း တစ်ကောင်စွာ ပစိဖိတ်သမုဒ္ဒရာကိုဖြတ်ပြီးပနာ ကီလိုမီတာ ၂၀၀၀ ကျော်ကို ၈၄၁ ရက်ထဲမှာ လှည့်လည် လားနီခီပါရေ။



### လူသားတိ၏ လုပ်ဆောင်ချက်တိရေ ငါးမန်းဖားလောင်းတိအတွက် အကြီးမားဆုံး ခြိမ်းခြောက် အန္တရာယ်တိဖြစ်ပါရေ။

ငါးမန်းဖားလောင်းတိရေ ယင်းသူရို့ကို ပစ်မှတ်ထားဖမ်းဆီးစွာတိ၊ မဟုတ်ကေ ငါးဖမ်းလုပ်ငန်းတိက မတော်တဆဖမ်းဆီးခံရစွာတိရှိပါရေ။ သင်္ဘောကြီးတိ တင်မက ငါးဖမ်းဘုတ်ချေတိနဲ့ တိုက်မိရေအတွက်ကြောင့် ထိခိုက်ဒဏ်ရာရစွာတိလေ့ရှိပါရေ။

# ငါးမန်းဖားလောင်းတိနဲ့ တွိကေ အကျွန်ရို့ဇာပိုင်ပြုမူသင့်ပါလေ။

မြန်မာနိုင်ငံမှာ ငါးမန်းဖားလောင်းတိ ဖမ်းဆီးရောင်းချစွာကို ဥပဒေအရ တားမြစ်ထားပါရေ။

## ဆူညံသံကို အတတ်နိုင်ဆုံးလျော့ချပါ။

ရီထဲကို မခုန်ချပဲ ဆင်းပါ။ ငြိမ်သက်စွာ ကူးခတ်ပါ။ ဖြုန်းကနဲ့ ထွက်ပေါ်လာရေ ဆူညံသံရေ ငါးမန်းဖားလောင်းကိုကြောက်လန့်စီနိုင်ပါရေ။

## စက်ရပ်ပါ (သို့) အရှိန်လျော့မောင်းပါ။

ငါးမန်းဖားလောင်းနောက်သို့ ဘုတ်နဲ့လိုက်စွာတိ မပြုလုပ်ပါကေ့။ ဘုတ်ပန်ကာတိကြောင့် ငါးမန်းဖားလောင်းတိ ထိခိုက်ဒဏ်ရာ ရစွာကနီ ရှောင်ရှားနိုင်ဖို့ သင့်ဘုတ်၏ စက်ကိုရပ်ပစ်ပါ။ သို့မဟုတ် အသာချေမောင်းပါ။







## ဓာတ်ပုံများ

ယင်းသူရို့မျက်လုံးတိကို တိုက်ရိုက်ထိခိုက်စီနိုင်ရေ အလင်းစူးစူနဲ့ ထိုးစွာတိတိ၊ ဓာတ်ပုံတိ အလွန်အကျွံရိုက်စွာတိကို ရှောင်ရှားပီးပါ။
ငါးမန်းဖားလောင်း၏ ခန္ဓာကိုယ်ထက်မှာရှိရေ အစက်အပြောက် ပုံသဏ္ဍာန်တိရေ တစ်ကောင်နဲ့တစ်ကောင် မတူညီဘဲ ကွဲပြားကတ်ပါရေ။ ယင်းပိုင် ထင်ရှားရေ အစက်အပြောက်တိရေ သုတေသီတိအတွက် တစ်ကောင်ချင်းစီကို ခွဲခြားနိုင်ဖို့နဲ့ အကောင်အရေအတွက် တွက်ယူရာမာ အကူအညီဖြစ်စီပါရေ။
အကယ်၍ သင်ရေ ငါးမန်းဖားလောင်း၏ ဘယ်ဘက်ခြမ်းမှာရှိရေ ရင်ဘတ်ဆူးတောင်နဲ့ ငါးခုမြောက် ပါးဟက်အက်ကွဲကြောင်း ကြားမာရှိရေ အစက်အပြောက်ပုံသဏ္ဍာန်ကို ဓာတ်ပုံရိုက်ခလို့ရှိကေ သုတေသီတိကိုကူညီနိုင်ဖို့ https://www.sharkbook.ai/ မှာ တင်ပြနိုင်ပါရေ။



## ငြိမ်ပနာ ခပ်ခွာခွာနီပါ

ငါးမန်းဖားလောင်းတိ၏ ဦးခေါင်းဘက်မှ ၃မီတာ အကွာနဲ့ ပတုန်းဘက်မှ ၄မီတာ အကွာမှာ နီပါ။
အကယ်၍ ငါးမန်းဖားလောင်းရေ သင့်အနားကိုချဉ်းကပ်လာလို့ရှိခကေ ငြိမ်သက်စွာနီပနာ ယင်းသူကူးခတ်ဖို့ နီရာပီးပါ။

OUR OCEAN, OUR HOME
တို့ပင်လယ် တို့အိမ်

MYANMAR ocean PROJECT

HEINRICH BÖLL STIFTUNG
YANGON
Myanmar